
ဝန်ဇင်း
Read on the move
ဇေယျာန
(ဈာမည)
အောင်မြတ်သာ နှင့်
ဇင်းကျိုက်အာဓိဋ္ဌာန်

ကျွန်တော်တို့ ထန်းခေါက်ကုန်း ရွာကနေ ထွက် လာပြီးတော့ ဇင်း ကျိုက် တောင်ပေါ်ကို ခရီးဆက်ခဲ့ ကြတယ်။

ဇင်းကျိုက်တောင် ဆိုတာကလည်း သမိုင်းမှာ အထင်ကရ အရေးပါ ခဲ့တဲ့ တောင်တစ်ခုလေ။

နတ်ကြီးတဲ့ တောင်၊ နဂါးသိုက် အဆက်တွေ ပေါများ တဲ့ တောင်၊ ဥ စ္စာစောင့်တွေ နေထိုင်တဲ့ တောင် ဆိုပြီး နာမည်ကြီးတဲ့ တောင်မှာ အဓိ ဋ္ဌာန် ဝင်ရမယ် ဆိုတော့ စိတ်လှုပ်ရှား မိတာတော့ အမှန်ပဲ။

တောလမ်းလေး အတိုင်း တောင်ပေါ်သို့ တဖြည်းဖြည်း တက်လာခဲ့ တာ နေ့တစ်ဝက် ကျိုးခါနီး ရောက်တော့ ဇင်းကျိုက် တောင်ပေါ်ကို ရော က်လာခဲ့တယ်။

စေတီတော် ရင်ပြင်မှာ ဆရာ့အတွက် နေရာထိုင်ခင်း စီစဉ်ပေးပြီး စေ တီ ဘေး မှ ာ အလေ့ကျ ပေါက်နေတဲ့ ကညင်ပင် အောက်မှာ ဝင်ထိုင်ပြီး အနားယူလိုက်တယ်။

တောင်ပေါ်လေ တဖြူးဖြူးနဲ့ ထိတွေ့တဲ့ အချိန်မှာ တော့ ကျွန်တော် မျက်လုံးတွေ တဖြည်းဖြည်း မှေးစင်း လာခဲ့တယ်။

အဲဒီနောက်ပိုင်း ကျွန်တော် ဘာမှ မသိတော့။

အချိန် ဘယ်လောက် ကြာအောင် အိပ်ပျော်သွားမှန်း မသိ၊ ပြန်နိုး လာတော့ ဆရာက ရင်ပြင်ပေါ်မှာ စင်္ကြံလျှောက်နေပြီ။

ကျွန်တော်လည်း လွယ်အိတ်လေး ကောက်လွယ်ပြီးတော့ ဆရာရှိရာ

ရင်ပြင်တော်ပေါ်ကို တက်လာ ခဲ့လိုက်တယ်။

ရင်ပြင်ပေါ် ရောက်တော့ ဆရာက "သက်ခိုင်ရေ ခရီးပန်းတော့ ပင်ပန်းနေပြီ ထင်တယ်။ ညနေ ၄နာရီ တိတိမှာ အဓိဋ္ဌာန် စဝင်ရမယ်။

ဒီမှာ ၇ရက် နေရမယ်။ အဓိဋ္ဌာန် ဝင်နေစဉ်မှာ လည်း အနှောင့်အယှက်တွေ ရှိလာနိုင်တယ်။ အခက်အခဲတွေ ရှိလာနိုင်တယ်။ သတိထားပေါ့ကွာ ဆိုပြီး သတိပေးတယ်။

***